# သန့်စင်မွန်မြတ်တဲ့ အကြင်နာ မေတ္တာတရားနဲ့ လုပ်တဲ့အလုပ်၊ ပြောတဲ့အပြော မှန်သမျှ ဘယ်အရာမှ သေးငယ်တယ်လို့ မဆိုနိုင်ပါဘူး (အရှင်ဉာဏိက)

တရားသော မတရားသောဆိုတာတွေကို ဘေးမှာထားပြီး ရယူပိုင်ဆိုင်လိုမှုတွေသာ များပြားလွန်းလာတဲ့ ဒီနေ့ ကမ္ဘာမှာ လူသားဆန်တဲ့ ချစ်မေတ္တာတရားတွေ အချင်းချင်းတွေအကြား အပြန်ပြန်အလှန်လှန် ပိုမိုထားရှိလာနိုင်စေဖို့ အမြဲ ဆုတောင်းမိပါတယ်။ ဒါကြောင့် ကိုယ့်ဆုတောင်းကို ထောက်ပံ့ ပေးသလိုဖြစ်တဲ့ အပြုအမူလေးတွေ၊ အပြော အဆိုလေးတွေနဲ့ အဖြစ်အပျက် လေးတွေကို တွေ့မိ၊ စာလေး တွေကိုဖတ်မိတိုင်း ကိုယ်ကိုယ် တိုင်လည်း တတ်နိုင်သမျှ အတုယူလို့ အတုပြုမိသလို အခြားသူများကိုလည်း အတု ယူကာ အတုပြုနိုင်ကြစေဖို့ ဆန္ဒဖြစ်မိတတ်ပါတယ်။ ကြည် နူးစရာ ဒီလိုအကြောင်းအရာ လေးတွေကို ထပ်ဆင့်မျှဝေပေး လိုစိတ်လည်း ဖြစ်မိတတ်ပါ တယ်။ ခု ပြောပြမယ့် အဖြစ် လေးဟာလည်း ကိုယ်ဖတ်ခဲ့ တဲ့ အများထဲက တစ်ခုပါ။ တစုံတရာ အထောက်အပံ့ ဖြစ် စေ နိုင် လိမ့် မယ် ဆို တဲ့ ယုံကြည်စိတ်နဲ့ ဘာသာပြန် ကာ မျှဝေလိုက်ပါတယ်။ သန့်စင်မွန်မြတ်တဲ့ မေတ္တာနဲ့ အကြင်နာတရားဟာ ငွေကြေးများပြီး မေတ္တာရှားပါးနေကြရတဲ့ သူတွေအတွက်ရော၊ ငွေကြေးရော မေတ္တာတရားပါ တော်မွတ်ခေါင်းပါးနေကြရတဲ့ သူတွေအတွက်ရောပါ အသုံးဝင်မှာပါ။ တကယ်တော့ သန့်စင်မွန်မြတ်တဲ့ အကြင်နာနဲ့ မေတ္တာတရားဆိုတာ ပူလောင်ခြောက်သွေ့တဲ့ ကန္တာရအလယ်မှာ မောပမ်းနွမ်းနယ်စွာ ခရီးသွားနေကြရတဲ့ သူအားလုံးအတွက် ကန္တာရအလယ်က စမ်းရေအေးအေးလေးပမာ ဖြစ်မှာ မလွဲပါဘူး။



## မများပေမယ့် အားဖြစ်ပါတယ်

အရှင်ဉာဏိက

ကြာသပတေးနေ့ဟာ ကျေးဇူးတော်များ နေ့တနေ့ပါ။ ဒီကြာသပတေးနေ့ရောက်တိုင်း ကျမတို့မိသားစုအနေနဲ့ ချို့ငဲ့နွမ်းပါးသူတွေကို တတ်နိုင်သလောက် ပြုစုပေးကမ်းကြဖို့လည်း အထူးသတ်မှတ်ထားပါတယ်။ အပတ်စဉ် အမြဲပြုလုပ်ပေးနေကြ ထုံးစံတစ်ခုပင်ဖြစ်နေပါပြီ။ ကျမနဲ့ ကျမရဲ့ သမီးငယ်နှစ်ယောက်တို့ ဒီအစဉ်အလာလေး ပြုလုပ်ခဲ့တာ နှစ်အတန်ကြာနေခဲ့ပါပြီ။ ဒါကြောင့် ကြာသပတေးနေ့ရောက်တိုင်း ကျမတို့တွေ အိမ်ကထွက်ကာ တခုခုပေးလှူဖို့ တနေရာရာကို သွားလေ့ရှိပါတယ်။ ဒီနေ့မှာတော့ ဘယ်ကိုသွားပြီး ဘာကိုလှူမယ်ဆိုတာ တိတိကျကျသတ်သတ်မှတ်မှတ် မရှိပဲ ကျမတို့အိမ်က ထွက်ခဲ့ကြပါတယ်။ ဒါပေမယ့် တခုခုတော့ ကျမတို့ပေးလှူနိုင်လိမ့်မယ်လို့ ယုံကြည်ကြပါတယ်။

ကားတွေပြည့်ကျပ်နေတဲ့ ဖရီးဝေးလမ်းမတစ်လျှောက် ကားမောင်းနေရင်း ကျမတို့ပြုလုပ်နေကြ အပတ်စဉ် ဒါနပွဲလေး အကောင်းဆုံးပြုလုပ်နိုင်အောင်လည်း ကျမဆုတောင်းနေမိပါတယ်။ အချိန်ကလည်း မွန်းတည့်ချိန် နီးနေပြီ။ ကားပေါ်ပါလာတဲ့ ကျမသမီးငယ်နှစ်ယောက်က ဆာလောင်လာကြဟန်တူပါတယ်။ သမီးတွေက မစောင့်နိုင်ပဲ ကျမကို အသိပေးတဲ့အနေနဲ့ သူတို့အကြိုက်ဖြစ်တဲ့ မက်ဒေါ်နယ်ဆိုင်ကို ဝင်ဖို့ 'မက်ဒေါ်နယ်၊ မက်ဒေါ်နယ်'ရယ်လို့ ထပ်ကာ ထပ်ကာ သံပြိုင်အော်ကြပါတယ်။ ဒါကြောင့် ဖရီးဝေးလမ်းမကနေထွက်ပြီး မြို့တွင်းလမ်းမဖက်ဆီ ကျမကားကို ဦးတည်ခဲ့ပါတယ်။ ကားမောင်းနေရင်း အနီးဆုံးဖြစ်မယ့် မက်ဒေါ်နယ်ဆိုင်ကို ကျမတို့ရှာကြပါတယ်။ လမ်းဆုံရောက်လို့ မီးပွိုင့်များမှာ ကားခဏရပ်ခိုက် လာရောက်ပြီး ပိုက်ဆံတောင်းတတ်တဲ့သူတွေကိုလည်း သတိပြုမိပါတယ်။ ကျမရဲ့သမီးငယ်နှစ်ယောက်တောင် ခုလိုဆာလောင်နေလျှင် သူတို့တွေလည်း ဆာလောင်ရှာကြမှာပဲလို့ ကျမတွေးမိပါတယ်။ ဒီစိတ်က ကျမနှလုံးသားကို လာရောက်ထိခိုက်သလိုလည်း ခံစားရပါတယ်။ အို ဟုတ်ပြီ။ ဒါ ကျမတို့အတွက် အခွင့်အလမ်းတစ်ခုပဲ၊ သူတို့အတွက်ပါ မက်ဒေါ်နယ်ဝယ်သွားမယ်လို့ ကျမအကြံဖြစ်မိပါတယ်။

မက်ဒေါ်နယ်ဆိုင်ရောက်တော့ သမီးနှစ်ယောက်အတွက် သူတို့အနှစ်သက်ဆုံး မက်ဒေါ်နယ်နှစ်ခုကိုမှာပြီး နောက်ထပ်အပို နေ့လည်စာ မက်ဒေါ်နယ် ၁၅ ခုကိုလည်း မှာယူခဲ့ပါတယ်။ မက်ဒေါ်နယ်တွေကို သယ်ယူပြီး မီးပွိုင့်တွေမှာ တွေ့ခဲ့ရတဲ့ တောင်းရမ်းနေသူတွေကို တခုစီလှူဒါန်းခဲ့ကြပါတယ်။ ဒါ "ဒီနေ့ နေ့လည်စာအတွက် လောက်လေမ့်မယ်လို့ မျှော်လင့်ပါတယ်" ဆိုတဲ့ အားပေးစကားကိုလည်းပြောကာ နောက်မီးပွိုင့်ဆီ ကျမတို့ဆက်ခဲ့ကြပါတယ်။

ခုလိုပေးလှူခဲ့တဲ့ အစီအစဉ်လေးဟာ အကောင်းဆုံးအစီအစဉ်လေးတစ်ခုပါ။ ကျမတို့ဘယ်သူတွေပါဆိုတာ အထူးမိတ်ဆက်စကားဆိုနေဖို့၊ ဘယ်ကိုဆက်လက်သွားမယ်ဆိုတာကိုလည်း ပြောနေဖို့ အချိန်မလုံလောက်နိုင်သလို သူတို့တွေရဲ့ ကျေးဇူးတုန့်တင်စကားကိုလည်း ကျမတို့ နားထောင်နေဖို့ အချိန်မရပါဘူး။ ဒီလှူဒါန်းမှုလေးဟာ ပုဂ္ဂိုလ်စွဲမရှိတဲ့ လှူဒါန်းပွဲလေးပါ။ ကျမတို့အချင်းချင်း တစ်ဦးကိုတဦး မသိကြပေမယ့် နောက်ကြည့်မှန်ထဲကနေ ပြန်မြင်ရတဲ့ မြင်ကွင်းလေးက တကယ့်ကိုမှ ကြည်နူးကျေနပ်စရာ ကောင်းလှပါတယ်။ ကျမတို့ ပေးလှူခဲ့တဲ့ မုန့်ထုပ်လေးတွေကို လက်မှာဆွဲပြီး ကျမတို့ကားထွက်ခွါသွားတဲ့နောက်ကို အံ့သြဝမ်းသာကြည်နူးစွာ ကြည့်ရှုငေးမောကာ ကျန်နေရစ်တဲ့ သူတို့တွေရဲ့ မျက်ဝန်းများကို ကျမမေ့လို့ ရနိုင်မယ် မထင်မိပါဘူး။ ဒါဟာဖြင့် တကယ့်ကိုမှ ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းလှပါတယ်။

ကျမတို့ဆီမှာ မက်ဒေါ်နယ်တစ်ခုသာ နောက်ဆုံးပေးဖို့ ကျန်ပါတော့တယ်။ ဒီလက်ကျန်တစ်ခုပေးပြီးလျှင်တော့ ကျမတို့ရဲ့ ဒီနေ့အလှူပွဲလေး ပြီးဆုံးပါပြီ။ ဒီအချိန်မှာပဲ မီးပွိုင့်မှာ မိန်းမငယ်တစ်ယောက် ကျမတို့ကားအနီးရောက်လာပြီး အကြွေအနည်းငယ်ပေးခဲ့ဖို့ တောင်းပါတယ်။ ကျမတို့မှာပါလာတဲ့ နောက်ဆုံးလက်ကျန် မက်ဒေါ်နယ်နဲ့အတူ သူတောင်းဆိုတဲ့ အကြွေအနည်းငယ်ကိုလည်း ကျမတို့ သူမကိုပေးလှူခဲ့ကြပါတယ်။ နောက်ပြီး ကားကို ရှေ့အနည်းငယ်မောင်းကာ ဂငယ်ကွေ့ကွေ့ကာ ကျမတို့အိမ်နဲ့ဆန့်ကျင်ဖက်ဆီ ကားကိုဦးတည်လိုက်ပါတယ်။ မီးပွိုင့်ကနီလာတာကြောင့် စောစောက မိန်းမငယ်ရပ်နေတဲ့ အနီးမှာပဲ ကားကိုရပ်ခဲ့ရပါတယ်။ ကျမတို့ သူမဆီက ဘာတုန့်ပြန်ကျေးဇူးစကားကိုမှ မျှော်လင့်မထားခဲ့ပါဘူး။

သို့ပေမယ့် ကျမတို့ကားရှိရာကို တခုခုပြောလိုဟန်နဲ့ သူမလျှောက်လာတာကို မြင်ရလို့ ကျမကားတံခါးမှန်ကို အသာအောက်ချပေးလိုက်ပါတယ်။ ဒီအချိန်မှာပဲ သူမက "အလျှင်က ဘယ်သူမှ သူမကို ဒီလိုမက်ဒေါ်နယ် မပေးခဲ့ဖူးဘူး၊ ဒီအတွက် အရမ်းကျေးဇူးတင်ပါတယ်" လို့ ပြောပါတယ်။ ဒီတော့ ကျမက အလွန်ဝမ်းမြောက်စွာနဲ့ပဲ "ခုလိုပထမဆုံး ပေးခွင့်ရတဲ့သူဖြစ်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ် " လို့ ပြောပြီး "ဘယ်အချိန်မှာ နေ့လည်စာ စားမယ်လို့ စိတ်ကူးထားပါသလဲ "လို့ မေးမိပါတယ်။

သူမရဲ့ ကျယ်ပြန့်ပြီး ညှိုးလျနေတဲ့ မျက်ဝန်းအစုံနဲ့ ကျမကို စူးစိုက်ကြည့်ပြီး "အို ၊ မမရယ်၊ ကျမ ဒီနေ့လည်စာကို စားမှာ မဟုတ်ပါဘူး" လို့ ပြန်ပြောတဲ့ စကားကြောင့် ရုတ်တရက် ကျမစိတ်ထဲ အနည်းငယ် ရှုပ်ထွေးသွားပါတယ်။ ဒါပေမယ့် သူမက စကားကို ဆက်ပါတယ်။ "ကျမမှာ သမီးငယ် တစ်ယောက်ရှိပါတယ်။ ခုသူက အိမ်မှာ။ သမီးက မက်ဒေါ်နယ်ကို သိပ်ကြိုက်တာ၊ ဒါပေမယ့် ကျမမှာ မက်ဒေါ်နယ်ဝယ်လောက်အောင် ငွေမရှိတာကြောင့် သမီးလေးကို ဝယ်မကျွေး နိုင်ခဲ့ဘူး။ ဒီနေ့တော့ ကျမသမီးလေး အရမ်းကံကောင်းသွားပြီ။ သူအလွန်ကြိုက်တဲ့ မက်ဒေါ်နယ်နဲ့ သမီးလေး ညစာ စားနိုင်တော့မယ်"တဲ့။

ကျမပါးပြင်ပေါ် စီးကျလာတဲ့ မျက်ရည်စတွေကို ကျမသမီးတွေ သတိထားမိ မထားမိတော့ ကျမ မသိပါဘူး။ ကျမတို့ရဲ့ မပြောပလောက်တဲ့ အနည်းငယ်သော ကူညီပံ့ပိုးပေးမှုလေးတွေဟာ တဦးယောက်အတွက် တကယ်ရော ထိရောက်တာ အကျိုးရှိတာ ဟုတ်ရဲ့လားလို့ အလျှင်က ကျမ အကြိမ်များစွာ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိတတ်ပါတယ်။ ဒီအခိုက်အတန့်လေးမှာပဲ အဲဒီမေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ခဲ့တယ်ဆိုတာကို ကျမကောင်းကောင်းပဲ သိလိုက်ပါတယ်။နောက်ပြီးလည်း "တို့တတွေ အလွန်ခမ်းနားကြီးကျယ်တာတွေကို မလုပ်နိုင်ပေမယ့် သေးသေးငယ်ငယ်လေးတွေကိုတော့ ကြီးကျယ်ခမ်းနားတဲ့ ချစ်မေတ္တာတရားနဲ့ လုပ်နိုင်ပါတယ်" ဆိုတဲ့ မာသာထရီဇာရဲ့ စကားလေးကိုလဲ ကောင်းကောင်း နားလည်သဘောပေါက်မိလိုက်ပါတယ်။

*Donna Wick ရဲ့ No Small Act of Kindness ကို ဘာသာပြန်ပါတယ်